# မြန်မာနိုင်ငံ၏
# လွတ်လပ်ခွင့်
# အသစ်တစ်ခု



“ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရက မြန်မာပြည်သူများအား တရားဝင်လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်ကို အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေများဖြင့် စတင်မိတ်ဆက်ပေးပြီး ဖြစ်ပါသည်။ ”







> “ မိမိလုပ်အားပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကို ဆိုလိုပါသည်။ ယင်းစကားရပ်တွင် နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်းနှင့် အလုပ်သင်တို့ ပါဝင်သည်။ ”





## ၁။ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းဆိုသည်မှာ အဘယ်နည်း။

အလုပ်သမားများနှင့် အလုပ်ရှင်များက ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်ရန်နှင့် ပိုမိုဖြစ်ထွန်းစေရန်အတွက် မိမိတို့ ကြိုက်နှစ်သက်ရာ အဖွဲ့အစည်းကို အစိုးရထံမှ ကြိုတင်ခွင့်ပြုချက်ရယူရန်မလိုဘဲ တည်ထောင်ခြင်းနှင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း စသော လွတ်လပ်ခွင့်။

## ၂။ လုပ်ငန်းခွင်၊ အလုပ်ရုံ စက်ရုံများနှင့် နိုင်ငံတော်အဆင့်ထိတိုင် ပိုမိုနိုင်မာသော စုပေါင်းပြောရေးဆိုခွင့်။

- လုပ်ငန်းခွင်ဆိုင်ရာ စည်းကမ်းချက်များ ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ အလုပ်ရှင်များနှင့် ညှိနှိုင်းစေ့စပ်မှုများ၊
- ဒီမိုကရက်တစ်နည်းကျဆက်ဆံရေးများ၊
- လုပ်ငန်းကြီးပွားတိုးတက်မှုပေါ်၌ ဖြစ်ထွန်းသော အကျိုးဆုလာဘ်များအား မျှဝေခြင်း။



## ၃။ ခေတ်မီတိုးတက်သော စီးပွားရေးအတွက် တည်ငြိမ်မှုရှိသော အလုပ်ရှင် အလုပ်သမားဆက်ဆံရေး။

- တိုးတက်မြင့်မားသော လုပ်ငန်းခွင်စိတ်ဓာတ်နှင့် ကုတ်ထုတ်လုပ်မှု။
- အိုင်အယ်(လ်)အို ပြဌာန်းချက် (၈၇)အား ပိုမိုလိုက်နာလာမှုအပေါ် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုခံရမှု။
- အပြည်ပြည်ဆိုင်ရာ အလုပ်သမား စံချိန်စံညွှန်းများအား လိုက်နာမှုရှိသည့် အစုစပ်လုပ်ငန်း(သို့) ကုမ္ပဏီများနှင့် ဆက်ဆံမှုရရှိရေး ရှာဖွေနေသော နိုင်ငံခြား ကုမ္ပဏီများထံမှ ပိုမိုများပြား၍ အရည်အသွေးပိုမို မြင့်မားသော လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ။

## ၄။ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမည့် အလုပ်ရှင်အလုပ်သမား ဆက်ဆံရေးဝန်းကျင်တစ်ရပ်။

- ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခိုင်အမာအာရုံစူးစိုက်မှု၊
- အလုပ်ရှင်များ အလုပ်သမားများအကြား ပိုမိုကောင်းမွန်သော အပြန်အလှန်ဆွေးနွေးပြောဆိုမှုများ။
- လေးစားမှု နာလည်းသဘောပေါက်မှုနှင့် နှစ်ဖက် နှစ်ဝအကျိုးရှိသော ဖြေရှင်းနည်းများ၊

## ၅။ မည်သူတို့က အခြေခံအလုပ်သမားအဖွဲ့အစည်းအတွက် မှတ်ပုံတင်လျှောက်ထားနိုင်ပါသနည်း။

မှတ်ပုံတင်ခွင့် ရရှိနိုင်ရန်အတွက် အခြေခံအလုပ်သမားအဖွဲ့အစည်းတစ်တရပ်တွင် အောက်ပါအချက်များ ပြည့်မီရန်လိုအပ်ပါသည်။

- အမျိုးအစား တူညီမှုရှိသော လုပ်ငန်း(သို့မဟုတ်) လုပ်ဆောင်မှုများတွင် လုပ်ကိုင်နေသော အလုပ်သမားဦးရေ အနည်းဆုံး(၃၀)ဖြင့် ဖွဲ့စည်းရမည်။
- အမျိုးအစားတူညီမှုရှိသော လုပ်ငန်း(သို့မဟုတ်) လုပ်ဆောင်မှုမှ အလုပ်သမားဦးရေ၏ ၁၀% ထက်မနည်း ထောက်ခံမှုရှိရမည့် ထိုသို့ ထောက်ခံသူ အလုပ်သမားများသည် အလုပ်သမားအဖွဲ့အစည်းဝင်များလည်း ဖြစ်နိုင်ပါသည်။





> အလုပ်သမားများနှင့် အလုပ်ရှင်များသည် ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် ပိုမိုတိုးတက်ရန်အတွက် အစိုးရ၏ ခွင့်ပြုချက်ကို ကြိုတင်ယူစရာမလိုဘဲ အဖွဲ့အစည်းကို လွတ်လပ်စွာ တည်ထောင်ခြင်း၊ မိမိကိုယ်တိုင် ရွေးခြယ်ထားသော အဖွဲ့အစည်းအတွင်းသို့ လွပ်လပ်စွာဝင်ရောက်ခြင်း . . .

- အလုပ်သမားအဖွဲ့အစည်း ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်သည့် အလုပ်သမားများ ဖြစ်ရမည့် စီးပွားရေး လုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွင် ဖြစ်စေ၊ မိမိလုပ်အားပေါ် အားကိုးအားထားပြု လုပ်ကိုင် နေသူကို ဆိုလိုပါသည်။ ယင်းစကားရပ်တွင် နေ့စား အလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ် သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်းနှင့် အလုပ်သင်တို့ ပါဝင်သည်။
- လုပ်ငန်း(သို့မဟုတ်) လုပ်ဆောင်မှုဟု အလုပ်သမား အဖွဲ့ အစည်းဥပဒေပါ ဖွင့်ဆိုချက်တွင် အကျုံးဝင်သည့် နိုင်ငံပိုင် (သို့မဟုတ်) ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ယင်းတို့၏ ထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ စက်မှုလက်မှု လုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း (သို့ မဟုတ်) အခြားအသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခု ပါဝင်သည့်အပြင် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်း များလည်း ပါဝင်သည်။







မှတ်ချက် ။ ။ လျှောက်လွှာလက်ခံ ရရှိပြီး ရက်ပေါင်း(၆၀) အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

### ၆။ အကယ်၍ သင်၏လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုသည် အလုပ်သမားဦးရေ ၃၀ အောက် ရှိနေပါက အခြေခံအလုပ်သမား အဖွဲ့အစည်းကို ဖွဲ့စည်းနိုင်ပါသလား။

အကယ်၍ အလုပ်သမားဦးရေ ၃၀ အောက်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုတွင် လုပ်ကိုင်နေသူ အလုပ်သမား များက အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းလိုက်လျှင် လုပ်ငန်း သဘောသဘာဝ တူညီသော အခြားလုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း ဖွဲ့စည်းနိုင်ပါသည်။ ယေဘုယျအားဖြင့် လုပ်ငန်းသို့မဟုတ် လုပ် ဆောင်မှု အမျိုးအစားတူညီရန်သာ လိုသည်ဟု ရည်ညွှန်းချက် ရှိပြီးဖြစ်သည်။ ဥပမာ–တက္ကစီကား မောင်းသူများသည် 'သယ်ယူ ပို့ဆောင်ရေး'ဟူသည့် အမျိုးအစားသတ်မှတ်တွင် လုပ်ငန်း သဘာဝတူသည့် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုတွင် လုပ်ကိုင်နေသူများဖြစ်သည်။ နိုင်ငံတော်ကျောင်းများမှ ကျောင်း ဆရာ၊ ဆရာမများသည် အခြား အစိုးရဌာနမှ အလုပ်သမားများနှင့် သဘောသဘာဝတူဖြစ်သည်ဟု ပြောဆိုပါသည်။

### ၇။ လက်ရှိအခြေခံအလုပ်သမားအဖွဲ့အစည်းများတွင် မည်သူတို့ ပါဝင်နိုင်သနည်း။

အခြေခံအလုပ်သမားအဖွဲ့အစည်းတစ်ခုနှင့် သက်ဆိုင်မှု ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆေင်မှုတစ်ခုခုမှ အလုပ်သမား

»

> ❝ငြိမ်းချမ်းစွာ စည်းဝေးတွေ့ဆုံပိုင်ခွင့်နှင့် အကယ်၍ သဘောတူညီချက်များ မရရှိပါက သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ဥပဒေနှင့် ညွှန်ကြားချက်များ ကြောင့်မဟုတ်ဘဲ ဥပဒေနှင့်အညီ သပိတ်မှောက်ပိုင်ခွင့်❞



>>

တိုင်း အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့ အစည်းတွင် အဖွဲ့ဝင် အဖြစ်ပါဝင်ခွင့် နှုတ်ထွက်ခွင့်ရှိပါသည်။

## ၇။ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်ရှင်များသည် အလုပ်ရှင်အဖွဲ့အစည်းဖွဲ့စည်းခွင့်ရှိပါသလား။

ဖွဲ့စည်းခွင့်ရှိပါသည်။ အလုပ်ရှင်များသည်လည်း အခြေခံ အလုပ်ရှင်အဖွဲ့အစည်း ဖွဲ့စည်းနိုင်ပါသည်။ 'အလုပ်ရှင်'ဟူသည့် စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချင်သည် တိုက်ရိုက်သော်လည်း ကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား အလုပ်ခန့်အပ်ခြင်း၊ အလုပ်ရပ်စဲခြင်းတို့ အတွက် တာဝန်ရှိသူ မန်နေဂျာများ၊ ကြီးကြပ်သူများနှင့် စီမံ ခန့်ခွဲသူများကို ဆိုလိုပါသည်။

**အလုပ်သမားများသို့**

သင်၏ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခု၌ အခြေခံ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်း ခြင်း အကြောင်းကို သင်၏ လုပ်ဖော်ကိုင်ဖက်အလုပ်သမားများအား ပြောပြပါ။

**အလုပ်ရှင်များသို့**

သင်၏ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခု၌ အခြေခံ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်း အကြောင်းကို သင်၏ လုပ်ဖော်ကိုင်ဖက်အလုပ်ရှင်များအား ပြောပြပါ။

## ၈။ အလုပ်သမားအဖွဲ့အစည်းသည် မည်သည့်အခွင့်အရေးများ ရရှိသနည်း။

### အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်း

- အလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် နည်းဥပဒေများကို ရေးဆွဲခွင့်
- ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်
- အုပ်ချုပ်ရေးလုပ်ငန်းဆောင်တာနှင့် လုပ်ငန်းအစီအစဉ်များကို စီမံခန့်ခွဲခွင့်
- ရန်ပုံငွေတစ်ရပ် ထူထောင်ခွင့်နှင့် အလုပ်သမားအဖွဲ့ဝင်ကြေး ကောက်ခံခွင့်

### အသိအမှတ်ပြုမှု

- အလုပ်ရှင်၏ အသိအမှတ်ပြုမှုကို ခံယူခွင့်
- (တစ်လလျှင် နှစ်ရက်ထက်မပိုဘဲ) အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်များကို ထမ်းဆောင်နေစဉ်တွင် လစာရပိုင်ခွင့်
- အခြေခံအလုပ်သမားအဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်ခြင်းကြောင့် အလုပ်ထုတ်ခံခြင်းများကို တရားဝင်ကာကွယ်စောင့်ရှောက်မှုများ ရရှိခွင့်



### စုပေါင်းတောင်းဆိုမှု

- တောင်းဆိုချက်များကို တရားဥပဒေနှင့်အညီ အလုပ်ရှင်ထံတင်ပြခွင့်
- အလုပ်ရှင်နှင့် ဆွေးနွေးခွင့်၊ စေ့စပ်ညှိနှိုင်းခွင့်နှင့် ဖြေရှင်းခွင့်များ
- အငြင်းပွားမှုများ ဖြေရှင်းရာတွင် စေ့စပ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့ထံသို့ ကိုယ်စားလှယ်များကို စေလွှတ်ခွင့်
- ငြိမ်းချမ်းစွာ စည်းဝေးတွေ့ဆုံပိုင်ခွင့်နှင့် အကယ်၍ သဘောတူညီချက်များ မရရှိပါက သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ဥပဒေနှင့် ညွှန်ကြားချက်များကြောင့်မဟုတ်ဘဲ ဥပဒေနှင့်အညီ သပိတ်မှောက်ပိုင်ခွင့်

### အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းခြင်း

- အလုပ်ရှင်နှင့် ဖြစ်ပွားသော အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့သို့ တင်ပြရန်။ (အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းခြင်း လက်ကမ်းစာစောင်တွင်ကြည့်ရှုပါ)

ဤလက်ကမ်းစာစောင်အား အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့မှ ထုတ်ဝေဖြန့်ချိပါသည်။